# IT brand များထဲမှ brand exhibition ပထမဆုံးပြုလုပ်မယ့် Acer Day 2012




Acer product တွေကို မြန်မာပြည်ကိုယ်စားလှယ်အဖြစ် တရားဝင် တင်သွင်းရောင်းချနေသော ရွှေလမင်းနဂါးကုမ္ပဏီမှ ကြီးမှူးပြီး ကျင်းပမယ့် Acer Day ဈေးရောင်းပွဲတော်ကြီးကို မတ် ၂၇၊ ၂၈ ရက်မှာ ဆိပ်ကမ်းသာ Strand Hotel မှာ နံနက် ၉ နာရီခွဲကနေ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပ ရောင်းချပေးခဲ့တယ်လို့ သိရပါတယ်

Acer Day မှာ official partner အဖြစ် Red Link ၊ Brother တို့နဲ့ co-operate partner အဖြစ် MAMA ၊ Vakok ၊ Gold Roast တို့ ပံ့ပိုးကူညီပေးထားပြီး media partner အဖြစ် အုပ်ချုပ်မှု မန်နေဂျာ ဦးမြင့်ဆွေနဲ့အတူ 5 Network က ပူးပေါင်းပံ့ပိုးပေးထားပါတယ်။ ပြပွဲကို အထူးအစီအစဉ်တွေ၊ ပျော်စရာအစီအစဉ်တွေ၊ ချစ်စရာ model လေးတွေနဲ့ စိတ်ဝင်စားဖွယ်ရာ product show တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ Vakok က စီစဉ်ကျင်းပတဲ့ World of Warcraft (WOW) online game ပြိုင်ပွဲပါဝင်မှာဖြစ်သလို Acer ရဲ့ အရောင်းကိုယ်စားလှယ်ဆိုင်တွေလည်း ပါဝင်ပြသရောင်းချပေးခဲ့တာပါ။

လာရောက်ကြည့်ရှုအားပေးတဲ့ IT စိတ်ဝင်စားသူတွေကို အမှတ်တရလက်ဆောင်တွေ၊ instant luckly draw အစီအစဉ်တွေ ပြုလုပ်ပေးခဲ့တဲ့အပြင် ဘန်ကောက်အလည်အပတ်ခရီးစဉ် ၂ ညအိပ် ၃ ရက် ခရီးကိုလည်း special luckly draw အဖြစ် ကံထူးရှင် ၄ ဦးကို ရွေးချယ်မှာဖြစ်တယ်လို့ သိရပါတယ်။ Clearance sales အစီအစဉ်လည်း ပါဝင်ခဲ့ပြီး Partner အဖြစ် ပံ့ပိုးပေးတဲ့ကုမ္ပဏီတွေကလည်း သက်ဆိုင်ရာ product တွေကို အထူးအစီအစဉ်တွေနဲ့ ရောင်းချပေးသွားခဲ့တယ်လို့ သိရပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း ၂၂၁၆၈၃၊ ၂၁၇၂၃၃ တို့ကို ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါတယ်။

# Fuji Xerox ရဲ့ Xerox banking system နဲ့ hardware မိတ်ဆက်ပွဲ



Fuji Xerox Asia Pacific (မလေးရှား) နဲ့ Concordia ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြီး Xerox banking system နဲ့ hardware တွေအကြောင်း မိတ်ဆက်ရှင်းလင်းခဲ့ပါတယ်။ မတ်လ ၉ ရက်နေ့က မြန်မာနိုင်ငံဘဏ်များအသင်းမှာ ကျင်းပခဲ့တဲ့ အဲဒီပွဲမှာ Concordia ရဲ့ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာသန်းဝင်းကနေ အဖွင့်အမှာစကား ပြောခဲ့ပါတယ်။ Concordia ကို ၁၉၉၄ ခုနှစ်လောက်က စတင်ခဲ့တာဖြစ်ပြီး office automation နဲ့ အင်ဂျင်နီယာလုပ်ငန်းသုံးပစ္စည်း၊ ကျန်းမာရေးဆိုင်ရာပစ္စည်းတွေကို အဓိကထားပြီး တင်သွင်းထားကြောင်းလည်း သိခဲ့ရပါတယ်။ အဲဒီနေ့က ဘဏ်လုပ်ငန်းသုံး office automation ပစ္စည်းတွေကို မိတ်ဆက်ပေးခဲ့တာပါ။ မလေးရှားနိုင်ငံရဲ့ office products and solution marketing senior manager Mr. Le Chin Guann က Fuji Xerox ရဲ့သမိုင်းကြောင်း၊ Xerox ဆိုတဲ့စကားလုံးဟာ copy ကူးတယ်လို့မသုံးတော့ဘဲ Xerox လုပ်လိုက်လို့ ပြောတဲ့အထိ အသုံးတွင်ခဲ့ကြောင်း၊ ပထမဦးဆုံး copier တီထွင်ခဲ့တဲ့ ကုမ္ပဏီဖြစ်ပြီး ဒေသဆိုင်ရာကုမ္ပဏီတစ်ခုဖြစ်တဲ့ Fuji နဲ့ ပူးပေါင်းထားတာဖြစ်ကြောင်း၊ Fuji Xerox ရဲ့ ထိရောက်မြန်ဆန်မှုရှိတဲ့ copier တွေဟာ လုပ်ငန်းစုံသုံးနိုင်ပြီး လုံခြုံရေးအတွက်ပါ စီစဉ်ထား ကြောင်း ပြောကြားခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ရုံးလုပ်ငန်းမှာ စာရွက်စာတမ်းတွေကို ထိရောက်စွာသုံးစွဲဖို့လိုကြောင်း၊ ဘဏ်လုပ်ငန်း ဖြစ်လို့ လုံခြုံရေးအတွက်ပါ ထည့်သွင်းစဉ်းစားလုပ်ဆောင်ဖို့လိုကြောင်း၊ အဲဒီလိုအပ်ချက်တွေကို Fuji Xerox ပစ္စည်းတွေကနေ ဖြည့်ဆည်းလုပ် ဆောင်ပေးနိုင်ကြောင်းနဲ့ လုံခြုံရေးစိတ်ချရတဲ့ DocuShare နဲ့ DocuWorks software အကြောင်း ရှင်းလင်းသွားခဲ့ပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း ၅၄၄၁၉၉ ၊ ၅၄၄၈၂၄ နဲ့ ၅၄၉၄၄၄ တို့ကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။

# Ch@t Ch@t ဆိုင်သစ်ဖွင့်ပွဲ





Apple product တွေဖြစ်တဲ့ iPod ၊ iPad ၊ iPhone ၊ Mac computer တွေနဲ့ ပတ်သက်တဲ့ hardware ၊ software တွေကို သီးသန့်ဝန်ဆောင်မှုပေးမယ့် Ch@t Ch@t ဆိုင်သစ်ဖွင့်ပွဲကို မတ်လ ၃ ရက်နေ့က ဗားဂရာလမ်းနဲ့ ကျွန်းတောလမ်းထောင့်၊ အမှတ် ၁၆၇ (C/2) ၊ ပထမထပ်မှာ ပြုလုပ်ခဲ့ပါတယ်။ iDevice တွေအတွက် application တွေ၊ game တွေ၊ reference တွေ၊ e-book တွေ အစုံအလင်ထားပေးထားပြီး medical ၊ navigation ၊ education နဲ့ ပတ်သက်တဲ့ software တွေကိုလည်း install လုပ်ပေးတာ၊ ရောင်းချတာတွေ ဝန်ဆောင်ပေးမယ်လို့ သိရပါတယ်။ ဆေးကျောင်းသားတွေ အသုံးများလေ့လာကြတဲ့ Oxford handbook ၊ PreRest ၊ Macleod ရဲ့ Examanation Clinical စတဲ့ e-book တွေရှိနေတယ်လို့ ပြောပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း ၀၉ ၅၀၃၃၃၀၈ ၊ ၀၉ ၅၀၆၀၆၇၉၊ ၀၉ ၅၁၀၄၀၀၇ နဲ့ ၀၉ ၇၃၀၆၆၂၁၃ တို့ကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။

# KMD computer centre ရဲ့ တစ်ကမ္ဘာလုံးအမှတ်အများဆုံးဆု၊ ဒီပလိုမာနဲ့ ဘွဲ့လက်မှတ်များ ပေးအပ်ခြင်း

ဖေဖော်ဝါရီ ၁၅ ရက်က KMD computer centre ရဲ့ တစ်ကမ္ဘာလုံးအမှတ်အများဆုံးဆု၊ ဒီပလိုမာနဲ့ ဘွဲ့လက်မှတ်တွေ ပေးအပ်ပွဲကို UMFCCI (Conference Hall) မှာ ကျင်းပခဲ့ပါတယ်။ အဲဒီပွဲမှာ ဒေါ်တင်တင်အေး (President, KMD Group of Companies) က နှုတ်ဆက်စကားပြောခဲ့ပြီး Mr Haridas Ramasamy (Regional Director of NCC Education) ၊ Mr Alan Smart (Cultural Attache & Director of British Council, Myanmar) တို့က အမှာစကား ပြောခဲ့ပါတယ်။

အဲဒီနောက် ၂၀၁၁ ခုနှစ်၊ ဇွန်လမှာပြုလုပ်ခဲ့တဲ့ International Advanced Diploma in Computer Studies (IADCS) Exam မှာ တစ်ကမ္ဘာလုံးအမှတ်အများဆုံးဆုရရှိတဲ့ မောင်နေဝင်းမြင့်နဲ့ စက်တင်ဘာလ Exam မှာ တစ်ကမ္ဘာလုံးအမှတ်အများဆုံးဆုရရှိသူ မောင်မျိုးမင်းဇော်တို့ကို ဂုဏ်ပြုလက်မှတ်တွေ ချီးမြှင့်ခဲ့ပါတယ်။ ထူးချွန်ကျောင်းသားများဂုဏ်ပြုမှုအစီအစဉ်အရလည်း မောင်နေဝင်းမြင့်နဲ့ မောင်မျိုးမင်းဇော်တို့ကို နောက်ဆုံးနှစ် BIT သင်တန်းအတွက် သင်တန်းကြေး စုစုပေါင်း ၃၃ သိန်း ၅ သောင်းကို KMD က ပညာသင်ဆုအနေနဲ့ ချီးမြှင့်ခဲ့ပါတယ်။

အဲဒီနောက် ဇွန်လမှာပြုလုပ်ခဲ့တဲ့ International Advanced Diploma in Computer Studies (IADCS) Exam မှာ Roll of Honours Award (အမှတ် ၈၀ နဲ့အထက်) ရရှိသူ ၅ ဦးနဲ့ International Diploma in Computer Studies (IDCS) Exam မှာ Roll of Honours Award (အမှတ် ၈၀ နဲ့အထက်) ရရှိသူ ၂၁ ဦး၊ စက်တင်ဘာလမှာပြုလုပ်ခဲ့တဲ့ International Advanced Diploma in Computer Studies (IADCS) Exam မှာ Roll of Honours Award (အမှတ် ၈၀ နဲ့အထက်) ရရှိသူ ၃ ဦးနဲ့ International Diploma in Computer Studies (IDCS) Exam မှာ Roll of Honours Award (အမှတ် ၈၀ နဲ့အထက်) ရရှိသူ ၈ ဦး၊ စုစုပေါင်း ၃၇ ဦးတို့အား ဂုဏ်ပြုဆုတွေ ပေးအပ်ခဲ့ပါတယ်။

အဲဒီနောက် ၂၀၁၁ ခုနှစ်၊ ဇွန်လနဲ့ စက်တင်ဘာလမှာ ကျင်းပခဲ့တဲ့ စာမေးပွဲတွေက BSc (Hons) in Business Information Technology ဘွဲ့ ရရှိသူ ၄၂ ဦး၊ International Advanced Diploma in Computer Studies (IADCS) မှ ၉၉ ဦး၊ International Diploma in Computer Studies (IDCS) သင်တန်းအောင်မြင်သူ ၁၈၅ ဦးတို့ကို diploma နဲ့ ဘွဲ့လက်မှတ်တွေ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ KMD Computer Center ဟာ Academic Excellence Award ကို ၂၀၀၅ နဲ့ ၂၀၀၈ ခုနှစ်တို့မှာ ရရှိခဲ့ထားတာ ဖြစ်တယ်လို့လည်း သိရှိရပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း ၂၄၅၁၈၀ ၊ ၃၈၄၁၀၉ နဲ့ ၃၈၅၁၇၇ တို့ကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။

# CyberPower UPS ပစ္စည်းသစ်မိတ်ဆက်ပွဲ




မတ်လ ၃ ရက်နေ့က Central Hotel မှာ CyberPower UPS ပစ္စည်းသစ်မိတ်ဆက်ပွဲကို ကျင်းပခဲ့ပါတယ်။ အဲဒီအခမ်းအနားမှာ Yangon Development Co.,Ltd မှ Managing Director ကိုထွန်းထွန်းအောင်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး CyberPower ၊ Sales & Marketing Department မှ Director Mr.Gilbertက CyberPower ရဲ့ ရှေ့ဆက်မယ့် အစီအစဉ်တွေကို ပြောပြခဲ့ပါတယ်။ CyberPower ရဲ့ မီးအားမြှင့်စက် AVR ပါပြီး surge ကို ကာကွယ်ပေးမယ့် Value Seires UPS ၊ pure sinewave နဲ့ surge ကိုကာကွယ်ပေးမယ့် Adaptive Sinewave Series UPS ၊ mission critical စီးပွားရေးနဲ့ အဖွဲ့အစည်းသုံး Professional Rackmount Series UPS နဲ့ အလိုအလျောက် AC-DC-AC ကူးပြောင်းပေးပြီး power ကြာကြာသုံးနိုင်တဲ့ Power inverter တို့ကို မိတ်ဆက်ပေးခဲ့ပါတယ်။ လာရောက်တဲ့သူတွေကိုလည်း ကံထူးရှင်ရွေးချယ်ပြီး လက်ဆောင်တွေပေးခဲ့ပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း ၃၇၆၁၈၀ ကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။

# KMD မှ ဘဏ်လုပ်ငန်းနဲ့ ဟိုတယ်လုပ်ငန်းများအတွက် NEC platform solution များကို မိတ်ဆက်တင်ပြခဲ့



IT Solution တွေအတွက် တရားဝင်စီးပွားဖက်(ရန်ကုန်) အဖြစ် NEC က ခန့်အပ်ထားတဲ့ KMD မှ ဘဏ်လုပ်ငန်းနဲ့ ဟိုတယ်လုပ်ငန်းတွေအတွက် solution တွေကို ၂၀၁၂ ခုနှစ် ၊ မတ်လ ၉ ရက်နေ့က UMFCCI Hall မှာ မိတ်ဆက်တင်ပြခဲ့ပါတယ်။ အဲ့ဒီအခမ်းအနားမှာ KMD Company Ltdရဲ့ ဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ် ဦးသောင်းတင်က NEC ရဲ့ စီးပွားဖက်ဖြစ်ရတာရယ် ၊ မြန်မာဈေးကွက်ကို ဂျပန်ထုတ်ကုန်ပစ္စည်းတွေ တင်သွင်းခွင့်ရတာနဲ့ solution တွေ ဝန်ဆောင်မှုပေးရတာတွေကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါတယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါ့ပြင် UMFCCI မှ ဥက္ကဋ္ဌဦးဝင်းအောင်က နှုတ်ခွန်းဆက်စကား ပြောကြားပေးကာ NEC Asia Pacific Pte Ltd ရဲ့ ဒုဥက္ကဋ္ဌ Tatsunori SHIBATA က NEC Platform Solution တွေဖြစ်တဲ့ server solution တွေ ၊ storage solution တွေနဲ့ အရောင်းလုပ်ငန်းတွေ လုပ်ဆောင်ကာ အသေးစိတ်စာရင်းစစ်တမ်းတွေကို ခြေရာခံနိုင်တဲ့ computer program ( Point-of-Sales systems) တွေနဲ့ ပတ်သက်လို့ ဆွေးနွေးတင်ပြခဲ့ပါတယ်။ ပြီးတော့ NEC Asia Pacific Pte Ltd ရဲ့ Regional Director David Ooi က ExpressCluster ၊ POS နဲ့ Ruggedized PC တွေအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

Ruggedized PC တွေဟာ အကြမ်းခံတဲ့အပြင် ရေစိုတဲ့အခါမှာလည်း ပျက်ဆီးမှုမရှိကြောင်း လက်တွေ့စမ်းသပ် ပြသခဲ့ပါတယ်။ NEC က ၎င်းရဲ့နည်းပညာတွေကို မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းထံသို့ ဆောင်ကြဉ်းနိုင်မယ့် ကြီးမားတဲ့ အခွင့်အလမ်းတစ်ခုအဖြစ် မျှော်လင့်ထားကြောင်းကိုလည်း သိရှိရပါတယ်။

SANYO DENKI Singapore Pte Ltd ရဲ့ Sale Executive Lean Jun Xian က SANYO DENKI UPS တွေအကြောင်း မိတ်ဆက်ပေးခဲ့ပြီး မြန်မာနိုင်ငံအတွင်း ဝန်ဆောင်မှုတွေနဲ့ အပိုပစ္စည်းတွေအကြောင်းကိုတော့ KMD Company Ltd မှ Deputy General Manager ကိုစိုးငွေရက ပြောပြပေးခဲ့ပါတယ်။ တက်ရောက်လာတဲ့သူတွေကိုလည်း ကံထူးရှင်ရွေးချယ်ပြီး လက်ဆောင်ပစ္စည်းတွေ ပေးအပ်ခဲ့ပါတယ်။